**IDMM လုပ်ကိုင်နည်းကို ခြုံငုံသုံးသပ်ချက်**

IDMM PROCESS OVERVIEW – IDMM

**နေ့စွဲ- ၁၈/၁၉** (တစ်နာရီ)

**ရည်မှန်းချက်များ-** ဤသင်ခန်းစာကိုလုပ်ဆောင်ပြီးစီးသည့်နောက်တွင် ပါဝင်လုပ်ဆောင်သူများ (သင်တန်းသား၊သူ) သည်

၁.ရှာဖွေတွေ့ရှိသောအဖွဲ့တွင်အသုံးပြုသော DMM/အသင်းတော်တည်ထောင်ခြင်းသာသနာနှင့် အတူ CHE ပေါင်းစပ်ခြင်းနှင့် ပြီးပြည့်စုံသောတပည့်တော်တိုးပွါးများပြားခြင်းသည် မည်ကဲ့သို့ အဓိပ္ပာယ်ရှိသည်ကို သိရှိနားလည်နိုင်လိမ့်မည်။

၂. IDMM သည် လူ့အသိုင်းအဝိုင်းကျန်းမာစေရန်ဇဝံဂေလိပြုခြင်းအတွက် ချဉ်းကပ်ခြင်းတစ်ခုဖြစ် သည်ကို သိရှိနားလည်နိုင်လိမ့်မည်။

**<u>သင်တန်းဆရာများအတွက် ခြုံငုံသုံးသပ်ခြင်း-</u>** ဤသင်ခန်းစာသည် IDMM လုပ်ကိုင်နည်းကိုနားလည် သဘောပေါက်စေရန် ပါဝင်သူများကိုကူညီသည်။

**သရုပ်ဖေါ်ခြင်း-** သာသနာခေါင်းဆောင်နှစ်ဦးတို့သည် စကားပြောနေကြသည်။

**ပထမပုဂ္ဂိုလ်-** ကျွန်တော်သည် ဤ IDMM ချဉ်းကပ်ခြင်းအကြောင်းကို စဉ်းစားနေသည်။ ကျွန်တော်သည် ဤနေရာကဲ့သို့သာ၍ ခက်ခဲသောနိုင်ငံများတွင် အဘယ်ကဲ့သို့ပြုလုပ်ရမည်ကို နားလည်ရန် အမြဲတစေကြိုးစားနေသည်။

**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်သဘောတူပါသည်။ ယေရှုအကြောင်းအားပွင့်ပွင့်လင်းလင်းမဟောပြောနိုင် သောနေရာတွင် ၎င်းကိုလုပ်ဆောင်ရန်မဖြစ်နိုင်ပါ။

**ပထမပုဂ္ဂိုလ်-** လူအပေါင်းတို့သည် ယေရှုနောက်သို့စတင်လိုက်ရန်နှင့် အဖွဲ့များထဲတွင်အတူတကွတွေ့ဆုံရန် နှစ်ခုစလုံးသာမက လူ့အသိုင်းအဝိုင်းတခုတွင် ခန္ဓာရေးရာနှင့် စီးပွါးရေးရာပြုပြင်ပြောင်းလဲ ခြင်းများကို မြင်တွေ့နိုင်ရန် အဘယ်သို့ကျွန်တော်တို့မျှော်လင့်နိုင်သည်ကို အံ့သြမိသည်။

**ဒုတိယပုဂ္ဂိုလ်-** ယင်းသည်မေးခွန်းကောင်း တစ်ခုဖြစ်သည်။ သေချာသော အဖြေတခု ရှိမယ် လို့ကျွန်တော် မျှော်လင့်ပါတယ်။

**-------SH မေးခွန်းများ----------------**

S= သင်ဘာကို**<u>မြင်</u>**သနည်း။

H= ဘာတွေ**<u>ဖြစ်ပျက်</u>**ခဲ့သနည်း။

I. **ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှု (IDMM) သည် လူ့အသိုင်းအဝိုင်းအသွင်ပြောင်းလဲမှု အတွက် ချဉ်းကပ်သည်။**

သင်တန်းမှူးကဝေငှသည်-- IDMM သည် ပြည့်စုံသောတပည့်တော်ဖြစ်စေခြင်းလှုပ်ရှားမှုထဲသို့ CHE နှင့် DMM တို့၏နိယာမများအားပေါင်းစပ်မှုတစ်ခုဖြစ်သည်။

တံခါးပေါက်တစ်ပေါက်နှင့် များစွာသောပြတင်းပေါက်များပါသော အိမ်တစ်လုံးကိုဆွဲပါ။

- လူ့အသိုင်းအဝိုင်းတခုဆိုသည်မှာ အခန်းတစ်ခန်းစီတိုင်းတွင် ပြတင်းပေါက်တစ်ခုနှင့် များစွာသောအခန်းများရှိသောအိမ်တစ်လုံး နှင့် တူ သည်။ သင်သည် အိမ်ရှေ့တံခါး (ဝိညာဉ်ရေး ရာ) ကိုဖြတ်၍ အိမ်ထဲသို့ဝင်ရောက်ရန် ကြိုးစားသည်၊ သို့သော်လည်း မဝင်နိုင်ပါ။ ထို့ကြောင့် သင်သည် ပွင့်နေသောပြတင်းပေါက် (စိုက်ပျိုးရေး၊ ကျန်းမာရေးအတွက် ဆောင်ရွက်ပြုလုပ်ခြင်း၊ အာဟာရ၊ အမျိုးသမီးများကျန်းမာရေး၊ လူမှုရေးကိစ္စရပ်များ စသည်ဖြင့် ထိုသူတို့၏ခံစားချက်/လိုအပ်မှုများ) တစ်ခုအား ရှာသည်။
- IDMM သည် IDMMအသင်းက လူ့အသိုင်းအဝိုင်းထဲသို့ဝင်ရောက်သောအခါ အဘယ်အရာ မဆိုခွဲခြားဖော်ထုတ်ထားသောလိုအပ်မှုနှင့်အတူ စတင်နိုင်သည်။

## က. တုပဖန်တီးထားသည်ကိုသရုပ်ဖော်ခြင်း

ပါဝင်သူများသည် စက်ဝန်းပုံစံ ထိုင်သည်။

စက္ကူစာရွက်အပိုင်းအစများပေါ်တွင် အောက်ပါစကားလုံးများကိုထားပြီး မတူညီသောပါဝင်သူများအားပေးပါ။

၁. IDMM အသင်းဝင်

၂. IDMM အသင်းဝင်

၃. ဖြစ်နိုင်ခြေရှိသူ

<u>**IDMM ချဉ်းကပ်သောလုပ်နည်းကိုင်နည်း (၁၅")**</u>

ဤသင်တန်းကာလတစ်လျှောက်လုံး ကျွန်တော်တို့သည် ဤလုပ်ကိုင်နည်း၌ ခြေလှမ်း၊ အဆင့် တစ်ခုစီတိုင်းနှင့် အရေးပါသောလမ်းညွှန်မှု နိယာမ တို့ကို ပြန်၍စစ်ဆေးကြည့်ရှုနိုင်လိမ့်မည်။ ဤလုပ်ကိုင်နည်းတွင် အဆင့်တိုင်းအားနားလည်သဘောပေါက်ရန်နှင့် လူ့အသိုင်းအဝိုင်းတွင် ပြည့်စုံသောတပည့်တော်ဖြစ်လာစေမှုများကို ကျွန်တော်တို့သည် ကြီးပွါးတိုးတက်စေသကဲ့သို့ ပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်သည်။

ယနေ့တွင် ကျွန်တော်တို့သည် ကျွန်တော်တို့အဖွဲ့မှစေတနာ့ဝန်ထမ်းများ အသုံးပြုနေသော IDMM လုပ်ကိုင်နည်းကို လုပ်ဆောင်သွားမည်။ သင်သည် IDMMအသင်း ရောက်လာသောလူ့အသိုင်း အဝိုင်းဖြစ်လိမ့်မည်။ သင်သည် ကျွန်တော်တို့၏သရုပ်ဖော်သူများ ထဲတွင် ပါဝင်ခြင်း ခံရပါက ကျေး ဇူးပြု၍ တုံ့ပြန်ပြီး သရုပ်ဖော်လုပ်ဆောင်ရာ၌ ပူးပေါင်းပါဝင်ပေးပါ။

*IDMM အသင်းဝင်များအား ရှေ့သို့ထွက်လာရန် တောင်းဆိုပါ။*

*IDMM လုပ်ကိုင်နည်းတစ်ကြောင်းစီတိုင်းအား ဖတ်ကြားရန် စေတနာ့ပုဂ္ဂိုလ်တစ်ဦးကို ဖိတ်ခေါ်ပါ။ သရုပ်ဆောင်များတို့သည် သူတို့ကြားရသည့်အတိုင်းသရုပ်ဖော်လိမ့်မည်။*

၁. IDMM အသင်းဝင်များတို့သည် IDMM တွင်လေ့ကျင့်ပြီးသူများဖြစ်ကြသည်။ (သင်နှင့်အတူထိုင်ပါ၊ ၎င်းနောက် အဖွဲ့ထံသို့စေလွှတ်ပါ။)

၂. IDMM အသင်းသည် လူများနှင့် သူတို့အစေခံရန်မျှော်လင့်ထားသောနေရာဒေသတို့အတွက် စိတ်အားထက်သန်စွာဆုတောင်းသည်။ သူတို့သည် ထိုနေရာ ၌ လမ်းလျှောက် ဆုတောင်းကြသည်။
၃. IDMMအသင်းသည် လူ့အသိုင်းအဝိုင်းသို့ဝင်ရောက်ကာ လူ့အသိုင်းအဝိုင်းနှင့်ဆိုင်သော အချက်အလက်များကို စတင်စုဆောင်းသည်။
၄. IDMM အသင်းသည် လူ့အသိုင်းအဝိုင်းတွင်ရှိသောသူများစွာနှင့် စကားစမြည်အပြန်အလှန် ပြောဆိုမှုများရှိသည်။ သူတို့ နှင့် အတူတကွ လက်ဘက်ရည်ကြမ်း များ သောက်ခဲ့ကြသည်။
၅. သူတို့သည် ဖြစ်နိုင်ချေရှိသူများအတွက်ဆုတောင်းသည်။
၆. သူတို့သည် ဝိညာဉ်ရေးရာ စကားစမြည်ပြောဆိုခြင်း ရှိသကဲ့သို့၊ ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာတရားများကိုပွင့်ပွင့်လင်းလင်းလက်ခံလာသူ၊ သူတို့၏လူ့အသိုင်းအဝိုင်းအားပြောင်းလဲစေရန် စိတ်ဆန္ဒရှိသူတစ်ဦးအား ရှာဖွေကြသည်။
၇. IDMMအသင်းသည် ဖြစ်နိုင်ချေရှိသူ အား ဘုရားသခင်၏နိုင်ငံတော်အကြောင်းနှင့်ပတ်သက်၍ သူတို့လေ့လာနေသည့်အရာများများကိုသူတို့၏ဆွေမျိုးများပါဝင်သည့်မိသားစုနှင့် မိတ်ဆွေများအား ဝေငှရန်အားပေးတိုက်တွန်းသည်။
၈. IDMM အသင်းသည် ဖြစ်နိုင်ချေရှိသူ၏ မိသားစု သို့မဟုတ် မိတ်ဆွေများနှင့်အတူ ရှာဖွေတွေ့ရှိသော အဖွဲ့တစ်ဖွဲ့ကိုစတင်သည်။
၉. သူတို့သည်အတူတကွဘုရားသခင်၏နှုတ်ကပတ်တော်ကို နာယူပြီး၊ မေးခွန်းသုံးခုအားဖြေသည်။
က. ကျွန်တော်တို့သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကိုလေ့လာရသနည်း။
ခ. ကျွန်တော်တို့သည် လူအကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကိုလေ့လာရသနည်း။
ဂ. ဤအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်ကို ကျွန်တော်တို့ယုံကြည်လက်ခံလျှင် ကျွန်တော်တို့သည် ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ ဘာလုပ်မည်နည်း။ ကျွန်တော်သည်...လုပ်လိမ့်မည်....
၁၀. သူတို့တွင် အပတ်တိုင်းအတွက်ကောင်းမွန်သောသင်ခန်းစာတစ်ခု ရှိသည်။ IDMM အသင်းသည် အဖွဲ့အား မည်ကဲ့သို့ဦးဆောင်ရန် စံနမူနာပြသည်။
၁၁. ပထမဆုံး IDMM အသင်းသည် အဖွဲ့အားအဘယ်ကဲ့သို့ဦးဆောင်သည်ကို စံနမူနာပြသည်။ (M=စံနမူနာ)
၁၂. ထို့နောက် သင်တန်းကာလအနည်းငယ်ပြီးသည့် နောက် သူတို့သည် ရှာဖွေတွေ့ရှိသောအဖွဲ့အား ဦးဆောင်ရန် ဖြစ်နိုင်ချေရှိသူ အား တိုက်တွန်းခွန်အားပေးသည်။ IDMM အသင်းသည် လိုအပ်သကဲ့သို့ ကူညီသည်။ (A= ထောက်ပံ့ကူညီသည်)
၁၃. ထို့နောက် ခေါင်းဆောင်သည် သူတို့ဦးဆောင်သကဲ့သို့ ဖြစ်နိုင်ချေရှိသူ ကိုစောင့်ကြည့်သည်။ (W=စောင့်ကြည့်)
၁၄. IDMM သင်တန်းဆရာသည် အဖွဲ့ကိုချန်ရစ်ပြီး သူတို့၏အဖွဲ့များကို ဖြစ်နိုင်ချေရှိသူ အား ဆက်လက် ဦးဆောင်စေသည်။ (L=ချလိုက်သည် သို့မဟုတ် ချန်ရစ်သည်)
၁၅. IDMM သင်တန်းဆရာသည် ဘုရားသခင်ကိုရှာဖွေရန်၊ ယေရှုအကြောင်းကိုလေ့လာပြီးသူ့အား လက်ခံယုံကြည်ရန် ဖြစ်နိုင်ချေရှိသူ နှင့် သူ၏မိသားစုတို့အတွက် ဆုတောင်းပေးသည်။ သူတို့သည် ဓမ္မသစ်ကျမ်းစာထဲမှယေရှု၏ပုံပြင်များတွင် သမ္မာတရားကိုရှာဖွေတွေ့ရှိသည်။
၁၆.သူတို့သည် ခရစ်တော်အားလက်ခံရန် ဆုတောင်းသည်။

၁၇. အသစ်သောယုံကြည်သူများတို့သည် နှစ်ခြင်းမင်္ဂလာကိုခံယူကြသည်။
၁၈. ရှာဖွေတွေ့ရှိထားသော အဖွဲ့သည် ဆက်လက် ကြီးထွားနေသည်။ များမကြာမီ ဖြစ်နိုင်ချေရှိသူ သည် အသစ်သောအဖွဲ့အားဦးဆောင်ရန် သူ၏အဖွဲ့ထဲမှတစ်ဦးကိုသီးခြားဖော်ထုတ်သည်။
၁၉. သူတို့သည် စံပြနမူနာ၊ ထောက်ပံ့ကူညီမှု၊ ကြည့်ရှုစောင့်ရှောက်မှု၏တူညီသောလုပ်ကိုင်နည်းဖြင့် လုပ်ဆောင်သွားမည်။ ခေါင်းဆောင်သစ်ကို မိမိကိုယ်တိုင် ဦးဆောင်စေသည်။
၂၀. အဖွဲ့များထဲရှိတစ်ဦးစီတိုင်းတို့အားချစ်ခြင်းမေတ္တာကျင့်ဆောင်ခြင်းအားဖြင့် သူတို့၏အိမ်နီးနား ချင်းနေထိုင်သူများနှင့်မိတ်ဆွေများတို့၏လက်တွေ့ဘဝလိုအပ်မှုတို့ကိုရောက်ရှိရန် အားပေးသည်။
၂၁. IDMM သင်တန်းဆရာသည် ရှာဖွေတွေ့ရှိထားသောအဖွဲ့ခေါင်းဆောင်များနှင့် အပတ်တိုင်းတွေ့ဆုံ သည်။သူသည်သူတို့၏အဖွဲ့အကြောင်း၊ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလေ့လာခြင်း အကြောင်းနှင့်ပတ်သက်၍ မေးမြန်းပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို လေ့လာရန် ကျမ်းပိုဒ် အသစ်ကို မိတ်ဆက်ပေးသည်။
၂၂. IDMM သင်တန်းဆရာနှင့် ရှာဖွေတွေ့ရှိသောအဖွဲ့၏ခေါင်းဆောင်များတို့သည် ကျန်းမာရေး သို့မဟုတ် လူမှုရေးအကြောင်းအရာများ တိုနှင့် စပ်ဆိုင်သောဦးဆောင်ခြင်းကို ကျင့်သုံးသည်။
၂၃. ရှာဖွေတွေ့ရှိသောအဖွဲ့ခေါင်းဆောင်သည် သူ၏အဖွဲ့သို့ပြန်လာ၍၊ ပြန်လည်တွေးတော သည့်လုပ်ကိုင်နည်းကို စံနမူနာပြခြင်း (လွန်ခဲ့သောအပတ်အား ပြန်၍စစ်ဆေးကြည့်ရှုခြင်း)၊ မျှော် ကြည့်ခြင်း (ဘုရားသခင်၏နှုတ်ကပတ်တော်၌ သမ္မာတရားကိုရှာဖွေခြင်း)၊မျှော်လင့်စောင့်စားခြင်း လာမည့်အပတ်တွင်မည်သူ့အားဝေငှရန်နှင့် သတိဖြင့်စောင့်ကြည့်ခြင်း (သူတို့၏ အသက်တာတွင် ကျန်းမာရေးနှင့် လူမှုရေးလိုအပ်မှုများအား အကြောင်းကြားခြင်း) တို့ကိုပြသည်။
၂၄. IDMM သင်တန်းဆရာသည် မျိုးစေ့စီမံကိန်းအစီအစဉ်ကို မိတ်ဆက်သည်။ ထိုစီမံကိန်းမှာ လူ့ အသိုင်းအဝိုင်းတွင်ရှာဖွေတွေ့ရှိသောအဖွဲ့များက လူ့အသိုင်းအဝိုင်းတွင် လိုအပ်မှုတစ်ခုကို အကြောင်းကြားကာ စီမံ/ပြုလုပ်နိုင်သည့် သေးငယ်သောစီမံကိန်းတစ်ခု-
၂၅. ရှာဖွေတွေ့ရှိသောအဖွဲ့များသည် သွား၍ လူ့အသိုင်းအဝိုင်းတွင်စွန့်ပစ်အမှိုက်သရိုက်များကို ရှင်းလင်းခြင်းကဲ့သို့သော မျိုးစေ့စီမံကိန်းကိုပြုလုပ်သည်။
၂၆. IDMM ဆရာများနှင့် ရှာဖွေတွေ့ရှိသောအဖွဲ့များတို့သည် သူတို့၏အိမ်နီးနားချင်းများနှင့် မိတ်ဆွေ များတို့ကသူတို့တွေ့ရှိသည့်အတိုင်း ဘုရားသခင်နောက်သို့လိုက်ရန် သူတို့အတွက် စိတ်အားထက် သန်စွာ ဆုတောင်းသည်။
၂၇. လူ့အသိုင်းအဝိုင်း၏အဖွဲ့ဝင်များ (IDMM အသင်းဝင်မဟုတ်) က အသစ်သောအဖွဲ့များကို စတင်သည်။

**ခ. IDMM ချဉ်းကပ်မှုတွင် မည်သူသည် အဓိကကျသောအဖွဲ့များဖြစ်သနည်း။**

၁. IDMM အသင်းဝင်များ
၂. ဖြစ်နိုင်ချေရှိသူ
၃. ရှာဖွေတွေ့ရှိသောအဖွဲ့မှ တပည့်တော်များ- ဘုရားသခင်ကိုရှာဖွေသူများ သို့မဟုတ် ယေရှုနောက်လိုက်များ
၄. ရှာဖွေတွေ့ရှိသောအဖွဲ့မှ ခေါင်းဆောင်များ

၅. အခြားသောလူ့အသိုင်းအဝိုင်းအဖွဲ့ဝင်များ

**ဂ. ရှာဖွေတွေ့ရှိသောအဖွဲ့တွင် မည်သည့်အကြောင်းအရာအား ဖုံးအုပ်စေသနည်း။**

ရှာဖွေတွေ့ရှိချက်သမ္မာကျမ်းစာလေ့လာခြင်းသည် ကျန်းမာရေး၊ စိုက်ပျိုးရေး၊ လူမှုရေးရာကိစ္စအဝဝ၊ ကယ်ဆယ်ရေး/ချွေတာရေး၊ ကလေးသူငယ်များ၏ပညာရေး၊ အိမ်ထောင်ရေးနှင့် (သင့်လျော်လျှင်) လိုအပ်မှုများအပေါ်အမှီပြုသောအခြားသောအကြောင်းအရာများတို့ကို ထပ်ပေါင်းသည်။

**ဃ. သာသနာကိုပိုင်ဆိုင်သူသည် မည်သူနည်း။**

ဖြစ်နိုင်ချေရှိသူ

အခြားသူများ၏ဆရာတစ်ပါးဖြစ်လာသူအားလုံး(တစုံတဦးအခြားသောသူများကို ပြန်လည်သွန်သင်ပေးသူ)

**င. IDMM ချဉ်းကပ်မှုတွင် အကျိုးကျေးဇူးများကား အဘယ်နည်း။**

၁. ကမ္ဘာ့နေရာအနှံ့ ၌ အသုံးပြုနိုင်သည်။

၂. ချစ်ခြင်းနှင့် မျိုးစေ့စီမံကိန်းကိုကျင့်သုံးရန် ဘုရားသခင်ကိုရှာဖွေသူများ သို့မဟုတ် ယေရှုနောက်တော်သို့လိုက်သူများကို ခွင့်ပြုသည်။ လူ့အသိုင်းအဝိုင်းတွင် ပြုပြင်ပြောင်းလဲမှုကို သယ်ဆောင်လာသည်။

၃. လောကီရေးရာတွင် အသင်းတော်များရှိရာသို့ ခေါ်ဆောင်နိုင်သည်။ အထွက်အမြတ်များသည် ကွဲပြားခြားနားမှုမဟုတ်ပါ (ကမ္ဘာတစ်ဝှမ်းနှင့်ဆိုင်သသောယဇ်ပုရောဟိတ်)။

၄. လူ့အသိုင်းအဝိုင်းသည် မိမိဘာသာပြုပြင်ပြောင်းလဲသောနေရာတွင် သာသနာအလုပ်ကို ချဉ်းကပ်သော လူ့အသိုင်းအဝိုင်းတခုအားအခြေပြုမှုတစ်ခုဖြစ်လာနိုင်သည်။

**စ. အဘယ်အရာများသည် အဓိကကျသောအချက်များ ဖြစ်သနည်း။**

၁. ပြင်ပသင်တန်းဆရာကို လူ့အသိုင်းအဝိုင်းတွင်မတွေ့ရပါ။

၂. တပည့်တော်များ သို့မဟုတ် ဘုရားသခင်ကိုရှာဖွေသူများသည် နယ်ပယ်အသီးသီးတွင် ဆရာများဖြစ်လာကြသည်။

၃. ပျော်ရွှင်ကျန်းမာသောအိမ်ထောင်တစ်ခု ပုံသက်သေ၊ စံပြ

၄. အိမ်နီးနားချင်းများ၏ပြဿနာများကိုဖြေရှင်းနည်းတွေကိုရှာဖွေနိုင်ရန် သူတို့၏အိမ်နီးနားချင်းတို့အားကူညီသည်။

၅. တပည့်တော်များတို့အား သာသနာအလုပ်ချဉ်းကပ်မှုတစ်ခုနှင့်အတူ အိမ်နီးနားချင်းများနေရာဒေသ/သူတို့အချင်းချင်းသိကြသူများထံသို့ သို့စေလွှတ်သည်။ (ပေါင်းစပ်ထားသောအကြောင်းအရာများနှင့်အတူ ရှာဖွေတွေ့ရှိသောအဖွဲ့)

၆. တပည့်တော်များကို သူတို့အချင်းချင်းသိကြသူများထံသို့ (အိမ်နီးနားချင်းများနေရာဒေသ၊ လုပ်ငန်းခွင်၊ မိသားစု၊ အခြားသောတပည့်တော်များ) ပြောင်းလဲခြင်းကိုသယ်ဆောင်လာရန် စေလွှတ်သည်။

၇.မိသားစုများသည်အခြားသောမိသားစုများအားယေရှုထံသို့ခေါ်ဆောင်သည်။
အိမ်ရှိအသင်းတော်များကို နေရာအနှံ့တွင်ဖွဲ့စည်းထားသည်။
၈. သာသနာ့လုပ်ငန်းကို တပည့်တော်များက (လူ့အသိုင်းအဝိုင်းမဟုတ်) ပိုင်ဆိုင်သည်။
၉. ရှာဖွေတွေ့ရှိသောအဖွဲ့၏ခေါင်းဆောင်များတို့ကို IDMM ဆရာဖြင့်လမ်းညွှန်လုပ်သည်။
၁၀. ဤအဖွဲ့သည် လူ့အသိုင်းအဝိုင်းပိုင်ဆိုင်ခြင်းကို အားပေးရန်စတင်ခြင်းနှင့် ရှာဖွေတွေ့ရှိသော အဖွဲ့များအတွက် ကျန်းမာရေးနှင့်လူမှုရေးရာအကြောင်းအရာများကိုထောက်ခံပြောဆိုရန် စတင်သောအခါ သူတို့သည် CHE ကော်မတီတစ်ဦးကဲ့သို့အစေခံနေကြသည်။

## II. IDMM သည် အောင်မြင်သောအသင်းတော်တည်ထောင်ခြင်းနည်းဗျူဟာဖြစ်လိမ့်မည်လော။

၁. အကယ်၍ သူတို့သည် အသင်းတော်တည်ထောင်ရန်အတွက် ရူပါရုံတစ်ခုရှိလျှင်၊ အသင်းတော်များတို့အား တည်ထောင်မည်။
၂. အကယ်၍ သူတို့သည် အသင်းတော်တည်ထောင်ရန်အတွက် ရူပါရုံ တစ်ခုမရှိလျှင်၊ အသင်းတော်များသည် ပေါ်ထွက်လာမည်မဟုတ်ပေ။
၃. အကယ်၍ သူတို့သည် ကြီးပွါးတိုးတက်စေခြင်းအတွက်ပိုင်ဆိုင်မှုကိုယူထားသော ဖြစ်နိုင်ချေရှိ သူတစ်ဦးအားတွေ့ရှိလျှင်၊ သူတို့သည် အဖွဲ့များနှင့်အသင်းတော်များစတင်ခြင်းကို တွေ့မြင်လိမ့်မည်။

## III. လက်တွေ့အသုံးချခြင်း

၁. သင်ပါဝင်နေသောတပည့်တော်၏အဖွဲ့ကို တွေးတောစဉ်းစားပါ။ သူတို့၏ကိုယ်ခန္ဓာရေးရာ၊ လူမှုရေးရာ သို့မဟုတ် စိတ်ခံစားမှုပိုင်နှင့်ဆိုင်သောလိုအပ်မှု (ဝိညာဉ်ရေးရာထက်) များမှာ အဘယ်နည်း။
၂. ဤခံစားချက်လိုအပ်ချက်များကို ဖြေရှင်းရန် သင်အဘယ်အရာကိုလုပ်ဆောင်နိုင်သနည်း။

## IV. အကျဉ်းချုပ်

ကြော်ငြာစာရွက်ပေါ်တွင် IDMM လုပ်ကိုင်နည်းကို ပုံဆွဲပြီး အဓိကကျသောအဆင့်များကို ပြန်၍ စစ်ဆေးကြည့်ရှုရန် တစ်စုံတစ်ယောက်ကိုမေးမြန်းပါ။
လုပ်ကိုင်နည်းရုပ်ပုံမှတ်စုကိုပေးပါ။


ကိုးကားချက်များ-

Cityteam International. 2016. Available from: http://www.cityteam.org/about/
Smit, H. 2016. *Disciple Making Movements.* Cityteam.
Trousdale, J. 2012. *Miraculous Movements*. Cityteam International.
Watson, D. and P. Watson. *Contagious Disciple-making.* Thomas Nelson

**ရပ်တည်မှု-** သင်တန်းမှူးသည် အမျိုးမျိုးသောချဉ်းကပ်မှု၏ဆွေးနွေးမှုထဲသို့ အဘယ်ကဲ့သို့ ပို၍လေးနက်စွာသွားရန်အတွက် ကောင်းစွာသိမြင်ရန်လိုအပ်သည်။ ၎င်းသည် IDMM အား အာရုံစူးစိုက်ရန် အကောင်းဆုံးဖြစ်လိမ့်မည်။

**ကျွမ်းကျင်မှု-** သင်တန်းသား၊သူများတို့သည် IDMM သည် အဘယ်သို့အလုပ်လုပ်သည်ကို စတင်၍သဘောပေါက်လာကြလိမ့်မည်။

**အကဲဖြတ်ခြင်း-** သင်တန်းသား၊သူများတို့သည် IDMM ၏လုပ်ကိုင်နည်းနှင့် အခြားသောချဉ်းကပ်မှု များသို့နှိုင်းယှဉ်မှုအား ကြိယာ/စကားအဖြစ် ပြောင်းလဲနိုင်သလား။

**တန်ဆာပလာများ-** အရွယ်အစားကြီးသောစာရွက်အချပ်များ၊ ဖောင်တိန်များ၊ တိပ်ပြား

- IDMM ချဉ်းကပ်မှုလုပ်ကိုင်နည်းကိုရေးသားဖေါ်ပြသည့်မှတ်စု
- IDMM လုပ်ကိုင်နည်းရုပ်ပုံမှတ်စု

---

ဤသင်ခန်းစာသည် IDMM TOT 1 တွင်အသုံးပြုသည်။

**သရုပ်ဖော်ခြင်း-** သာသနာခေါင်းဆောင်နှစ်ဦးတို့သည် စကားပြောနေကြသည်။

**ပထမပုဂ္ဂိုလ်-** ကျွန်တော်သည် ဤ IDMM ချဉ်းကပ်ခြင်းအကြောင်းကို စဉ်းစားနေသည်။ ကျွန်တော်သည် ဤနေရာကဲ့သို့ သာ၍ ခက်ခဲသောနိုင်ငံများတွင် အဘယ်ကဲ့သို့ပြုလုပ်ရမည်ကို နားလည်ရန် အမြဲတစေကြိုးစားနေသည်။

**ဒုတိယပုဂ္ဂိုလ်-** ကျွန်တော်သဘောတူပါသည်။ ယေရှုအကြောင်းအားပွင့်ပွင့်လင်းလင်းမဟောပြောနိုင်သောနေရာတွင် ၎င်းကိုလုပ်ဆောင်ရန်မဖြစ်နိုင်ပါ။

**ပထမပုဂ္ဂိုလ်-** လူအပေါင်းတို့သည် ယေရှုနောက်သို့စတင်လိုက်ရန်နှင့် အဖွဲ့များထဲတွင်အတူတကွတွေ့ဆုံရန် နှစ်ခုစလုံးသာမက လူ့အသိုင်းအဝိုင်းတခုတွင် ခန္ဓာရေးရာနှင့် စီးပွါးရေးရာပြုပြင်ပြောင်းလဲခြင်းများကို မြင်တွေ့နိုင်ရန် အဘယ်သို့ကျွန်တော်တို့မျှော်လင့်နိုင်သည်ကို အံ့သြမိသည်။

**ဒုတိယပုဂ္ဂိုလ်-**ယင်းသည် မေးခွန်းကောင်း တစ်ခုဖြစ်သည်။ သေချာသော အဖြေတခု ရှိမယ် လို့ကျွန်တော် မျှော်လင့်ပါတယ်။

## IDMM ချဉ်းကပ်သောလုပ်နည်းကိုင်နည်း

ဤသင်တန်းကာလတစ်လျှောက်လုံး ကျွန်တော်တို့သည် ဤလုပ်ကိုင်နည်း၌ ခြေလှမ်း၊ အဆင့် တစ်ခုစီတိုင်းနှင့် အရေးပါသောလမ်းညွှန်မှု နိယာမ တို့ကို ပြန်၍စစ်ဆေးကြည့်ရှုနိုင်လိမ့်မည်။ ဤလုပ်ကိုင်နည်းတွင် အဆင့်တိုင်း အားနားလည်သဘောပေါက်ရန်နှင့် လူ့အသိုင်းအဝိုင်းတွင် ပြည့်စုံသောတပည့်တော်ဖြစ်လာစေမှုများကို ကျွန်တော်တို့သည် ကြီးပွါးတိုးတက်စေသကဲ့သို့ ပြီးစီးအောင်ဆောင်ရွက်ရန် လိုအပ်သည်။

၁. IDMM အသင်းဝင်များတို့သည် IDMM တွင်လေ့ကျင့်ပြီးသူများဖြစ်ကြသည်။ (သင်နှင့်အတူထိုင်ပါ၊ ၎င်းနောက် အဖွဲ့ထံသို့စေလွှတ်ပါ။)

၂. IDMM အသင်းသည် လူများနှင့် သူတို့အစေခံရန်မျှော်လင့်ထားသောနေရာဒေသတို့အတွက် စိတ်အားထက်သန်စွာဆုတောင်းသည်။ သူတို့သည် ထိုနေရာ ၌ လမ်းလျှောက် ဆုတောင်းကြသည်၊

၃. IDMMအသင်းသည် လူ့အသိုင်းအဝိုင်းသို့ဝင်ရောက်ကာ လူ့အသိုင်းအဝိုင်းနှင့်ဆိုင်သော အချက်အလက်များကို စတင်စုဆောင်းသည်။

၄. IDMM အသင်းသည် လူ့အသိုင်းအဝိုင်းတွင်ရှိသောသူများစွာနှင့် စကားစမြည်အပြန်အလှန် ပြောဆိုမှုများရှိသည်။သူတို့ နှင့် အတူတကွ လက်ဘက်ရည်ကြမ်း များ သောက်ခဲ့ကြသည်။

၅. သူတို့သည် ဖြစ်နိုင်ချေရှိသူများအတွက်ဆုတောင်းသည်။

၆. သူတို့သည် ဝိညာဉ်ရေးရာ စကားစမြည်ပြောဆိုခြင်း ရှိသကဲ့သို့ သူတို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်သမ္မာတရားများကိုပွင့်ပွင့်လင်းလင်းလက်ခံလာသူ၊ သူတို့၏လူ့အသိုင်းအဝိုင်းအားပြောင်းလဲစေရန် စိတ်ဆန္ဒရှိသူတစ်ဦးအား ရှာဖွေကြသည်။

၇. IDMMအသင်းသည် ဖြစ်နိုင်ချေဂိုသူအား ဘုရားသခင်၏နိုင်ငံတော်အကြောင်းနှင့်ပတ်သက်၍ သူတို့လေ့လာနေသည့်အရာများကို သူတို့၏ဆွေမျိုးများပါဝင်သည့် မိသားစုနှင့် မိတ်ဆွေများအား ဝေငှရန်အားပေးတိုက်တွန်းသည်။

၈. IDMM အသင်းသည် ဖြစ်နိုင်ချေရှိသူ ၏မိသားစု သို့မဟုတ် မိတ်ဆွေများနှင့်အတူ ရှာဖွေတွေ့ရှိသော အဖွဲ့တစ်ဖွဲ့ကိုစတင်သည်။

၉. သူတို့သည်အတူတကွဘုရားသခင်၏နှုတ်ကပတ်တော်ကို နာယူပြီး၊ မေးခွန်းသုံးခုအားဖြေသည်။
   က. ကျွန်တော်တို့သည် ဘုရားသခင်အကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကိုလေ့လာရသနည်း။
   ခ. ကျွန်တော်တို့သည် လူအကြောင်းနှင့်ပတ်သက်၍ အဘယ်အရာကိုလေ့လာရသနည်း။
   ဂ. ဤအရာသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်သည်ကို ကျွန်တော်တို့ယုံကြည်လက်ခံလျှင် ကျွန်တော်တို့သည် ၎င်းအကြောင်းအရာနှင့်ပတ်သက်၍ ဘာလုပ်မည်နည်း။
   ကျွန်တော်သည်…လုပ်လိမ့်မည်….

၁၀. သူတို့တွင် အပတ်တိုင်းအတွက်ကောင်းမွန်သောသင်ခန်းစာတစ်ခု ရှိသည်။ IDMM အသင်းသည် အဖွဲ့အား မည်ကဲ့သို့ဦးဆောင်ရန် စံနမူနာပြသည်။

၁၁. ပထမဆုံး IDMM အသင်းသည် အဖွဲ့အားအဘယ်ကဲ့သို့ဦးဆောင်သည်ကို စံနမူနာပြသည်။ (M=စံနမူနာ)

၁၂. ထို့နောက် သင်တန်းကာလအနည်းငယ်ပြီးသည့် နောက် သူတို့သည် ရှာဖွေတွေ့ရှိသောအဖွဲ့အား ဦး

ဆောင်ရန် ဖြစ်နိုင်ချေရှိသူအား တိုက်တွန်းခွန်အားပေးသည်။ IDMM အသင်းသည် လိုအပ်သကဲ့သို့ ကူညီသည်။ (A= ထောက်ပံ့ကူညီသည်)

၁၃. ထို့နောက် ခေါင်းဆောင်သည် သူတို့ဦးဆောင်သကဲ့သို့ ဖြစ်နိုင်ချေရှိသူ ကိုစောင့်ကြည့်သည်။ (W=စောင့်ကြည့်)

၁၄. IDMM သင်တန်းဆရာသည် အဖွဲ့ကိုချန်ရစ်ပြီး သူတို့၏အဖွဲ့များကို ဖြစ်နိုင်ချေရှိသူ အား ဆက်လက်ဦးဆောင်စေသည်။ (L=ချလိုက်သည် သို့မဟုတ် ချန်ရစ်သည်)

၁၅. IDMM သင်တန်းဆရာသည် ဘုရားသခင်ကိုရှာဖွေရန်၊ ယေရှုအကြောင်းကိုလေ့လာပြီး၊ သူ့အား လက်ခံယုံကြည်ရန် ဖြစ်နိုင်ချေရှိသူ နှင့် သူ၏မိသားစုတို့အတွက် ဆုတောင်းပေးသည်။ သူတို့သည် ဓမ္မသစ်ကျမ်းစာထဲမှယေရှု၏ပုံပြင်များတွင် သမ္မာတရားကိုရှာဖွေတွေ့ရှိသည်။

၁၆. သူတို့သည် ခရစ်တော်အားလက်ခံရန် ဆုတောင်းသည်။

၁၇. အသစ်သောယုံကြည်သူများတို့သည် နှစ်ခြင်းမင်္ဂလာကိုခံယူကြသည်။

၁၈. ရှာဖွေတွေ့ရှိထားသော အဖွဲ့သည် ဆက်လက် ကြီးထွားနေသည်။ များမကြာမီ ဖြစ်နိုင်ချေရှိသူ သည် အသစ်သောအဖွဲ့အားဦးဆောင်ရန် သူ၏အဖွဲ့ထဲမှတစ်ဦးကိုသီးခြားဖေါ်ထုတ်သည်။

၁၉. သူတို့သည် စံပြနမူနာ၊ ထောက်ပံ့ကူညီမှု၊ ကြည့်ရှုစောင့်ရှောက်မှု၏တူညီသောလုပ်ကိုင်နည်းဖြင့် လုပ်ဆောင်သွားမည်။ ခေါင်းဆောင်သစ်ကို မိမိကိုယ်တိုင် ဦးဆောင်စေသည်။

၂၀. အဖွဲ့များထဲရှိတစ်ဦးစီတိုင်းတို့အားချစ်ခြင်းမေတ္တာကျင့်ဆောင်ခြင်းအားဖြင့် သူတို့၏အိမ်နီးနားချင်းနေထိုင်သူများနှင့်မိတ်ဆွေများတို့၏လက်တွေ့ဘဝလိုအပ်မှုတို့ကိုရောက်ရှိရန် အားပေးသည်။

၂၁. IDMM သင်တန်းဆရာသည် ရှာဖွေတွေ့ရှိထားသောအဖွဲ့ခေါင်းဆောင်များနှင့် အပတ်တိုင်းတွေ့ဆုံသည်။သူသည်သူတို့၏အဖွဲ့အကြောင်းဘုရားသခင်၏နှုတ်ကပတ်တော်ကိုလေ့လာခြင်းအကြောင်းနှင့်ပတ်သက်၍ မေးမြန်းပြီး၊ ဘုရားသခင်၏နှုတ်ကပတ်တော်ကို ဆက်လက် လေ့လာရန် ကျမ်းပိုဒ် အသစ်ကို မိတ်ဆက်ပေးသည်။

၂၂. IDMM သင်တန်းဆရာနှင့် ရှာဖွေတွေ့ရှိသောအဖွဲ့၏ခေါင်းဆောင်များတို့သည် ကျန်းမာရေး သို့မဟုတ် လူမှုရေးအကြောင်းအရာများ တို့နှင့် စပ်ဆိုင်သောဦးဆောင်ခြင်းကို ကျင့်သုံးသည်။

၂၃. ရှာဖွေတွေ့ရှိသောအဖွဲ့ခေါင်းဆောင်သည် သူ၏အဖွဲ့သို့ပြန်လာ၍၊ ပြန်လည်တွေးတောသည့်လုပ်ကိုင်နည်းကို စံနမူနာပြခြင်း (လွန်ခဲ့သောအပတ်အား ပြန်၍စစ်ဆေးကြည့်ရှုခြင်း)၊ မျှော်ကြည့်ခြင်း (ဘုရားသခင်၏နှုတ်ကပတ်တော်၌ သမ္မာတရားကိုရှာဖွေခြင်း)၊မျှော်လင့်စောင့်စားခြင်း လာမည့်အပတ်တွင်မည်သူအားဝေငှရန်နှင့် သတိဖြင့်စောင့်ကြည့်ခြင်း (သူတို့၏အသက်တာတွင် ကျန်းမာရေးနှင့် လူမှုရေးလိုအပ်မှုများအား အကြောင်းကြားခြင်း) တို့ကိုပြသည်။

၂၄. IDMM သင်တန်းဆရာသည် မျိုးစေ့စီမံကိန်းအစီအစဉ်ကို မိတ်ဆက်သည်။ ထိုစီမံကိန်းမှာ လူ့အသိုင်းအဝိုင်းတွင်ရှာဖွေတွေ့ရှိသောအဖွဲ့များကလူ့အသိုင်းအဝိုင်းတွင်လိုအပ်မှုတစ်ခုကို အကြောင်းကြားကာ စီမံ/ပြုလုပ်နိုင်သည့် သေးငယ်သောစီမံကိန်းတစ်ခု-

၂၅. ရှာဖွေတွေ့ရှိသောအဖွဲ့များသည် သွား၍ လူ့အသိုင်းအဝိုင်းတွင်စွန့်ပစ်အမှိုက်သရိုက်များကို ရှင်းလင်းခြင်းကဲ့သို့သော မျိုးစေ့စီမံကိန်းကိုပြုလုပ်သည်။


၂၆. IDMM ဆရာများနှင့် ရှာဖွေတွေ့ရှိသောအဖွဲ့များတို့သည် သူတို့၏အိမ်နီးနားချင်းများနှင့် မိတ်ဆွေများတို့ကသူတို့တွေ့ရှိသည့်အတိုင်း ဘုရားသခင်နောက်သို့လိုက်ရန် သူတို့အတွက် စိတ်အားထက်

သန့်စွာ ဆုတောင်းသည်။

၂၇. လူ့အသိုင်းအဝိုင်း၏အဖွဲ့ဝင်များ (IDMM အသင်းဝင်မဟုတ်) က အသစ်သောအဖွဲ့များကို စတင်သည်။ IDMM အသင်းဂင်များသည် ပြီးပြည့်စုံသောသာသနာနှင့် တပည့်တော်ဖြစ်စေခြင်းဆိုင်ရာ လှုပ်ရှားမှု နှစ်ခုလုံး၏ အခြေခံမူများ နှင့် လက်တွေ့ကျင့်သုံးတတ်ရန် သင်ကြားပေးရမည်။

IDMM=ပြီးပြည့်စုံသော တပည့်တော်ဖြစ်စေခြင်း လှုပ်ရှားမှု (CHE=DMM)

တပည့်တော်ဖြစ်စေသူ (သို့) ရှာဖွေတွေ့ရှိထားသောအဖွဲ့အား အခြေပြု၍ ချဉ်းကပ်ခြင်း



**IDMM = Integral Disciple Making Movement (CHE-DMM)**
Disciple Maker or Discovery Group Based Approach

